ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လယ်ဝေးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan ( VDP )

သဲကောကြီးကျေးရွာအုပ်စု၊ သဲကောကြီးကျေးရွာ

၂၀၁၇ ခုနှစ်

လယ်ဝေးမြို့နယ်

# မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုရေးစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာသမိုင်းကြောင်း (Village History) | ၂၂.၂.၂၀၁၆ | အုပ်ချုပ်ရေးမှူး အမျိုးသား အမျိုးသမီး | ၆ | ၃ | ၉ | ကျေးရွာဖြစ်ပေါ်လာပုံနှစ်နှင့် ထူးခြားဖြစ်စဉ်များ။ |
| ၂ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social & Resource Map) | ၂၃.၂.၂၀၁၆ | စေတနာ့ဝန်ထမ်း အမျိုးသား အမျိုးသမီး | ၃၆ | ၂၄ | ၆၀ | အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊ သစ်တောများ၊ ဆည်မြောင်းများ။ |
| ၃ | ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်များ သုံးသပ်ခြင်း (Wealth Ranking) | ၂၃.၂.၂၀၁၆ | ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု၊ မပြေလည်သောအုပ်စု | ၂၇ | ၃၃ | ၆၀ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ်အခြေခံပြီး အဆင့်၃ဆင့်တွင်ပါဝင်သော အိမ်ထောင်စုအရေအတွက်ခန့်မှန်းခြင်း၊ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအား မှတ်တမ်းတင်ခြင်း။ |
| ၄ | ကျား-မ အခန်းကဏ္ဍ သုံးသပ်ခြင်း (cobweb) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၃၀ | ၂၀ | ၅၀ | အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရရှိမှုအခြေအနေများအားဆွေးနွေးမှတ်တမ်းတင်ခြင်း၊ |
| ၅ | ရာသီခွင်ပြဇယား (Seasonal Calendar) | ၂၃.၂.၂၀၁၆ | စေတနာ့ဝန်ထမ်း အမျိုးသားများ အမျိုးသမီးများ | ၃၆ | ၄၂ | ၇၈ | ရာသီဥတု၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ လမ်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပွဲတော်များ၊ ဝင်ငွေ/ထွက်ငွေအခြေအနေ၊ |
| ၆ | အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ် (Venn Diagram) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၁၉ | ၁၆ | ၃၅ | လူထုနှင့်ထိတွေ့ဆက်ဆံပြီးလူထုအကျိုးစီးပွားအတွက်ဆောင်ရွက်လျှက်ရှိသောရွာတွင်းနှင့်ရွာပြင်ပအဖွဲ့အစည်းများအားဖော်ထုတ်ခြင်းနှင့်ဆက်သွယ်မှုပုံသဏ္ဍာန်ကိုကားချပ်ဖြင့်မှတ်တမ်းတင်ခြင်း။ |
| ၇ | အခက်အခဲများ/ပြဿနာများ (Obstacles) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၂၅၀ | ၁၂၇ | ၃၇၇ | အမျိုးသားများနှင့်အမျိုးသမီးများ နေ့စဉ်လူနေမှုဘဝတွင်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများအားဆွေးနွေးဖော်ထုတ်ခြင်း။ |

# National Community Driven Development Project

## လူထုဗဟိုပြုစီမံကိန်း



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | ပြဿနာသစ်ပင် (Problem Tree) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၂၅၀ | ၁၂၇ | ၃၇၇ | အမျိုးသမီးများနှင့်အမျိုးသားများ ကြုံတွေ့နေရသောအခက်အခဲများ မှအဓိကအခက်အခဲတစ်ခုကိုရွေး ချယ်ခြင်း၊ သစ်ပင်ပုံကိုအခြေခံ လျှက်အကြောင်း အကျိုးဆက်စပ်ပုံဖော်ခြင်း၊ |
| ၉ | နောင် ၅ နှစ်စာ မျှော်မှန်းချက် (Future Plan) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၂၅၀ | ၁၂၇ | ၃၇၇ | အဓိကပြဿနာကိုပြေလည်စေ သောအကြောင်းရင်းများအား ပြေလည်စေမည့်လုပ်ငန်းများအား ဖော်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း (Priority Ranking) | ၂၃.၂.၂၀၁၆ | အမျိုးသားများ အမျိုးသမီးများ | ၂၅၀ | ၁၂၇ | ၃၇၇ | ကျေးရွာလူထု၏လိုအပ်ချက်ကို ဖော်ထုတ်ထားသောလုပ်ငန်းများ အားဦးစားပေးအဆင့်နှိုင်းယှဉ် သတ်မှတ်ခြင်း၊ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

(၆-က) ကျေးရွာသမိုင်းသုံးသပ်ချက် (Village History)

သဲကောကြီးကျေးရွာကို မြန်မာသက္ကရာဇ်(၁၂၃၇)ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ယခုအချိန်တွင် အိမ်ခြေပေါင်း(၈၀၁)အိမ်ရှိပြီး၊ အမျိုးသားဦးဆောင်အိမ်ထောင်စု (၇၆၅) အိမ်ထောင်စု၊ အမျိုးသားလူဦးရေ(၁၄၉၂)ဦးနှင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု(၃၆)အိမ်ထောင်စု၊ အမျိုးသမီးလူဦးရေ(၁၅၆၇)ဦးရှိပါသည်။ စုစုပေါင်းလူဦးရေ(၃၀၅၉)ဦးနေထိုင်ကြပါသည်။ သဲကောကြီးကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး စပါး၊ မတ်ပဲ ၊ နှမ်း ၊ ပြောင်း၊ ပန်းမုံလာ၊ ဂေါ်ဖီ၊ ပန်း စသည့်သီးနှံများ စိုက်ပျိုးကြပါသည်။ နေ့စားလုပ်သားများလည်းရှိပါသည်။ ရွာတွင်းလမ်းများမှာရိုစာလမ်းများဖြစ်ပြီး မိုးတွင်းတွင် အနည်းငယ်သွားလာရေး ခက်ခဲမှုရှိပါသည်။

ကျေးရွာဘုန်းတော်ကြီးစာသင်ကျောင်းကို (၁၂၃၇)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မူလတန်းကျောင်းကို (၁၂၄၇)ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ အလယ်တန်းကျောင်းကို (၁၉၅၈)ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး၊ အထက်တန်းကျောင်းကို (၂၀၁၅)ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းသား/သူဦးရေ စုစုပေါင်း (၃၃၀၀) ကျော်ရှိပြီး၊ ဆရာဆရာမစုစုပေါင်း(၆၅)ဦးခန့် ရှိပါသည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၅)ကျောင်းနှင့် ကျေးလက်ဆေးပေးခန်း (၁) ခုရှိပါသည်။


ခရစ်နှစ် (၂၀၀၈) ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကြောင့် သဲကောကြီးကျေးရွာသူ/သားများ လုပ်ကိုင်လျှက်ရှိသော လယ်ယာမြေ(၁၀၀၀) ဧကခန့်သည် စီမံကိန်းဧရိယာအတွင်းတွင် ကျရောက်ခဲ့ရသောကြောင့် လယ်မြေနှင့်ယာမြေများ သိမ်းဆည်းခံရမှုများ ရှိခဲ့ပါသည်။ ကျေးရွာသူ/သားများအား လယ်မြေတစ်ဧကလျှင် လျော်ကြေး(၃၅၀၀၀၀)ကျပ်ဖြင့် သော် လည်းကောင်း၊ ယာမြေတစ်ဧကလျှင် (၂၅၀၀၀၀)ကျပ်ဖြင့် သော်လည်းကောင်း လျော်ကြေးပေးခဲ့ကြောင်း သိရှိခဲ့ရပါသည်။ အလားတူပင် နေပြည်တော်လေဆိပ်နှင့် အဓိကဆက်သွယ်ထားသော ရာဇသင်္

ဟလမ်းမ ကြီးဖောက်လုပ်ရာတွင်လည်း လမ်းဘေးဝဲယာတွင်ရှိသောလယ်မြေများကို လမ်းအဖြစ် စီမံကိန်းမှ မြေသိမ်းယူခြင်းများ လည်းရှိခဲ့ပါသည်။ အဆိုပါ သိမ်းဆည်းခံရသော လယ်မြေများကို အချိန်(၅)နှစ်ကြာမြင့်ပြီးမှ တစ်ဧကလျှင် (၃၀၀၀၀၀)ကျပ်နှုန်းဖြင့် လျော်ကြေး ပြန်လည်ပေးခဲ့ပါသည်။ ကျန်လမ်းတဘက်နှင့် လမ်းပခုံးသားအတွက် သိမ်းဆည်းထားသော လယ်မြေများကို လျော်ကြေးပေး ချေခြင်းမျိုး မရှိခဲ့ကြောင်းကိုလည်း တောင်သူများထံမှ သိခဲ့ရပါသည်။ အဆိုပါ အသိမ်းခံရသောလယ်မြေများမှာ ဧက(၁၀၀)ခန့် ရှိကြောင်းကို တောင်သူများထံမှ သိရှိခဲ့ရပါသည်။ ဤကဲ့သို့ မြေသိမ်းခံခဲ့ရသောကြောင့် တောင်သူလယ်သမားများသည် ရေရှည်လုပ်ကိုင် စားသောက်ရန်အတွက် လယ်မြေ၊ ယာမြေများ မရှိတော့ခြင်းနှင့်အတူ၊ အလုပ်လက်မဲ့များဖြစ်ခဲ့ကြရပြီး မိသားစု စားဝတ်နေရေး အခက်အခဲများနှင့် ယခုတိုင်ရင်ဆိုင်နေရသော အိမ်ထောင်စုများစွာ ရှိနေကြောင်းကိုလည်း ကျေးရွာသူ/သားများထံမှာလည်း သိရှိခဲ့ရပါသည်။

ထို့အပြင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေကြောင်းရန်ကာကွယ်ရေးတပ်အတွင်း ကျရောက်ခဲ့ရသည့် ဘုန်းကြီးကျောင်း(၂)ကြောင်း ရှိခဲ့ပါသည်။ အကျယ်အဝန်းအားဖြင့် (၁၃)ဧကခန့် ရှိပါသည်။ ထိုဘုန်းကြီးကျောင်း(၂)ကျောင်းအား (၁၃၇၁) ခုနှစ်၊ ကဆုန်လဆန်း(၉)ရက်နေ့တွင် ရွှေ့ပြောင်းရန် အထက်မှ အမိန့်ချမှတ်ခဲ့ပါသည်။ ဘုန်းကြီးကျောင်းနေရာ ပြန်လည်အစားထိုးနေရာ ပေးခဲ့ခြင်းလည်းမရှိပါ။ ကျောင်းရွှေ့ပြောင်းရန်အတွက် ရွှေ့ပြောင်းစရိတ်အနည်းငယ်သာ ပေးခဲ့ပါသည်။ ရွာသူ/သားများ၏ ပြန်လည်လှူဒါန်းမှုဖြင့်သာ ဘုရားစေတီ၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံများကို ပြန်လည်တည်ဆောက် ပူဇော်ခဲ့ရပါသည်။

ဆည်မြောင်းဝန်ကြီးဌာနမှ ဖောက်လုပ်ပေးထားသော ရေပေးဝေရေး ရေမြောင်းရှိသော်လည်း ရေမြောင်းမှ ရေပေးဝေခြင်းမရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း များစွာအခက်အခဲများရှိကြောင်းကိုလည်း ရွာသူရွာသားများထံမှ သိရှိရပါသည်။

(၆-၁) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social Map/Resource Map)




**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်**

သဲကောကြီးကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံကို ကြည့်ရှုခြင်းအားဖြင့် ရွာတည်ရှိမှုနှင့် အိမ်ခြေအနေအထားမှာ စုစည်းစွာတည်ရှိနေသည်ကို တွေ့ရှိရပါသည်။ လယ်ဝေးမြို့၏ အရှေ့တောင်ဘက်တွင်ရှိပြီး လယ်ဝေးမြို့မှ(၄)မိုင်ခန့် ကွာဝေးပါသည်။ ဗမာလူမျိုးများ နေထိုင်ကြပြီး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ပါသည်။ လယ်ဝေးမြို့သို့ ဆိုင်ကယ်ဖြင့်သွားမည်ဆိုပါက(၂၀)မိနစ်ခန့်သာ ကြာမြင့်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၈၀၁)စုရှိပြီး၊ လူဦးရေ (၃၀၅၉)ဦးရှိပါသည်။ အမျိုးသားဦးဆောင်အိမ်ထောင်စု (၇၆၅)ဦး၊ လူဦးရေ (၁၄၉၂)ဦးနှင့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု (၃၆)ဦး၊ လူဦးရေ (၁၅၆၇)ဦးရှိပါသည်။ ကျေးရွာတွင် အထက်တန်းကျောင်း(၁)ကျောင်း ရှိပါသည်။ ကျေးရွာတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းပြ ဆရာ/ဆရာမ စုစုပေါင်း(၆၅)ဦးခန့် ရှိပါသည်။ ကျေးရွာတွင် ဆေးပေးခန်း တစ်ခုရှိပါသည်။ ကျေးရွာတွင် ပြင်ပဆရာဝန်(၁)ဦး၊ လက်ထောက် ကျန်းမာရေးမှူး(၁)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ (၁)ဦး၊ အရံသားဖွား (၁)ဦး တို့ရှိပါသည်။ ကျေးရွာတွင် စေတီ(၇)ဆူနှင့် ဘုန်းကြီးကျောင်း(၅)ကျောင်း ရှိပါသည်။ ကျေးရွာတွင် လက်သမားဆရာ၊ ပန်းရံဆရာ၊ လျှပ်စစ်ပစ္စည်းပြင်ဆင်တတ်သူ၊ ရေပိုက်ပြင်ဆင်တတ်သူ၊ စက်ပစ္စည်းပြင်ဆင်တတ်သူများ ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် မန်ကျည်းကုန်းကျေးရွာ၊ အနောက်တောင်ဘက်တွင် ကုသပိတ်ကျေးရွာနှင့် ပေါက်ပင်သာကျေးရွာ၊ အရှေ့မြောက်ဘက်တွင် သဲကောလေးကျေးရွာ၊ အရှေ့ဘက်တည့်တည့်တွင် လေယာဉ်ကွင်း၊ အနောက်ဘက်တွင် သရက်ခုံကျေးရွာတို့ ရှိပါသည်။

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းအလုပ်မှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး၊ တပိုင်တနိုင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူများလည်း ရှိပါသည်။ အဓိကထုတ်ကုန်မှာ လယ်ယာထွက် ပစ္စည်းများ ဖြစ်ပါသည်။ အဓိကပို့ဆောင် ဆက်သွယ်ရေးမှာ ကုန်းလမ်းပို့ဆောင်ဆက်သွယ်ရေး ဖြစ်ပါသည်။

သဲကောကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်သော်လည်း တစ်ရွာလုံးကျွတ်အိမ်မီးမလင်းနိုင်သေးပါ။ အိမ်ခြေ (၃၈၀)အိမ် မီးလင်းပါသည်။ ယခုလက်ရှိအချိန်တွင် အိမ်ခြေ(၂၀၀)မှာ မီးလင်းရန် အခြေအနေ နီးစပ်နေပြီ ဖြစ်ပါသည်။ ကျန်အိမ်ခြေ(၂၂၁)အိမ်မှာ မီးမလင်းသေးပါ။ သောက်သုံးရေ အလုံအလောက်ရရှိပါသည်။

### (၆-ဂ) ဥစ္စာဓနပိုင်ဆိုင်မှုအဆင့်သတ်မှတ်ခြင်း (Wealth Ranking)




### ဥစ္စာဓနပိုင်ဆိုင်မှုများအားအဆင့်လိုက်သုံးသပ်ခြင်း

ကျေးရွာအတွင်းရှိ အိမ်ထောင်စုများအလိုက် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို သုံးသပ်ရာတွင် ဦးစွာအဆင်ပြေသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ သာမန်အုပ်စု(၃)စုခွဲ၍ လေ့လာခဲ့ပါသည်။ သဲကောကြီးကျေးရွာတွင်ရှိသော အဆင်ပြေသောအုပ်စုသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ထော်လာဂျီ၊ Light Truck ၊ Probox ကား၊ မော်တော်ဆိုင်ကယ်၊ TV ၊ တန်ဖိုးမြင့်ဟန်းဆက်၊ လယ်ယာတို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အုပ်စုမှာ ကျွဲ၊ နွား၊ လှည်း၊ ဆိုင်ကယ်၊ ဖုန်း၊ TV၊ လယ်၊ ယာ၊ ဝက် နှင့် ရေစုပ်စက်တို့ ပိုင်ဆိုင်သည်ပါသည်။ သာမန်အုပ်စုများ၏ ပိုင်ဆိုင်မှုမှာ ဖုန်း၊ စက်ဘီး၊ ဝက်၊ ကြက် တို့သာ ရှိပါသည်။ အများစုမှာ နေ့စားလုပ်သားများဖြစ်ကြပါသည်။

သဲကောကြီးကျေးရွာ၏ ဆင်းရဲချမ်းသာကွာဟမှုမှာ သိသိသာသာမြင့်မားနေပါသည်။ သဲကောကြီးကျေးရွာတွင် အိမ်ခြေပေါင်း (၈၀၁)အိမ်ရှိသည့်အနက်တွင်းမှ ပထမအဆင့်ပြေလည်သောအုပ်စုတွင် အိမ်ခြေ(၂၀၀)အိမ်၊ ဒုတိယအဆင့် အလယ်အလတ်အုပ်စုတွင်အိမ်ခြေ(၂၀၀)နှင့် တတိယအဆင့် သာမန်အုပ်စုတွင် အိမ်ခြေ(၄၀၁)အိမ် အသီးသီးတွေ့ရှိရသည်။ တစ်ရွာလုံးအိမ်ထောင်စုဦးရေ၏(၂၀၀)အိမ်ထောင်စုသာလျှင် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြသည်။ အချုပ်ဆိုရသော် သဲကောကြီးကျေးရွာ အတွင်းတွင် အဆင်ပြေသောအိမ်ထောင်စုအရေအတွက်နှင့် သာမန်အိမ်ထောင်စုအရေအတွက်သည် (၂)ဆကွာဟနေပါသည်။

| စဉ် | အုပ်စု | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ပြေလည်သောအုပ်စု | ၂၀၀ | ၂၅% |
| ၂ | အလယ်အလတ်အုပ်စု | ၂၀၀ | ၂၅% |
| ၃ | မပြေလည်သောအုပ်စု | ၄၀၁ | ၅၀% |
| | **စုစုပေါင်း** | **၈၀၁** | **၁၀၀%** |

(၆-ဃ) ကျား-မ အခန်းကဏ္ဍသုံးသပ်ခြင်း (Cob Web)



အမျိုးသား၊ အမျိုးသမီး အခြေအနေ

| အကြောင်းအရာ | အမျိုးသားရမှတ် | အမျိုးသမီးရမှတ် |
|---|---|---|
| ဘာသာရေးလုပ်ဆောင်မှု | ၈၀ | ၁၀၀ |
| လူမှုရေးအသင်းများတွင် ကျား၊ မ ပါဝင်မှု | ၁၀၀ | ၁၀၀ |
| ပညာရေး | ၆၀ | ၈၀ |
| အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု | ၃၀ | ၁၀၀ |
| ဆုံးဖြတ်ချက်ချနိုင်မှု | ၈၀ | ၆၀ |
| အလုပ်အကိုင်ရရှိမှု | ၅၀ | ၅၀ |
| ကျန်းမာရေးကောင်းမွန်မှု | ၇၀ | ၆၀ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု | ၇၀ | ၆၀ |
| ပိုင်ဆိုင်မှုအခြေအနေ | ၅၀ | ၅၀ |
| ဝင်ငွေရရှိမှု | ၈၀ | ၆၀ |
| စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်မှု | ၉၀ | ၇၀ |

ကျား၊မအခန်းကဏ္ဍသုံးသပ်ချက်

ကျေးရွာရှိ ရွာသူ/သားများ၏ ကျား၊ မ အခန်းကဏ္ဍအခြေအနေများကို ကျေးရွာအစည်းအဝေးတွင် နေ့စဉ်လုပ်ရှားမှုပုံစံများမှ အကြောင်းအရာများပေါ်တွင် လွှမ်းမိုးနိုင်မှု၊ သာလွန်မှုအခြေအနေများကို လေ့လာခဲ့ပါသည်။ ကျား၊ မ အခန်းကဏ္ဍအတွက် ကျေးရွာများတွင် တွေ့ရှိရလေ့ရှိသော အချက်(၁၁)ချက်ဖြစ်သည့် ဘာသာရေးလုပ်ဆောင်မှု၊ လူမှုရေးအသင်းများတွင် ကျား၊ မ ပါဝင်မှု၊ ပညာရေး၊ အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု၊ အလုပ်အကိုင်ရရှိမှု၊ ကျန်းမာရေးကောင်းမွန်မှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု၊ ပိုင်ဆိုင်မှုအခြေအနေ၊ ဝင်ငွေရရှိမှု၊ စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်မှုစသည့် အကြောင်းများကိုလေ့လာခဲ့သည်။

ပင့်ကူအိမ်သုံးသပ်ခြင်းဖြင့် အမျိုးသားများနှင့်အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ ပိုင်ဆိုင်မှုအခြေအနေ၊ လူမှုရေးအသင်းများတွင် ကျား၊မ ပါဝင်မှုတို့မှာ တူညီနေပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်မှု၊ ဝင်ငွေရရှိမှု၊ ဆုံးဖြတ်ချက်ချနိုင်မှုတို့တွင် အမျိုးသားများမှ သိသိသာသာ ဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ အမျိုးသားများမှာ အိမ်ပြင်ထွက်ကာ စီးပွားရှာနေကြခြင်း၊ လတ်တလောပေါ်ပေါက်လာသော အလုပ်များကိုဆောင်ရွက်နေခြင်းမှာ ဝင်ငွေများရရှိနေခြင်းဖြစ်သည်။ သိသိသာသာ အနေဖြင့် အမျိုးသားများသည် အိမ်မှုကိစ္စအလုပ်များတွင် ပါဝင်ဆောင်ရွက်မှုမှာ (၃၀%) သာရှိနေပါသည်။ အကြောင်းမှာ အမျိုးသားများသည် အိမ်ပြင်သို့ထွက်ကာ အလုပ်လုပ်များ လုပ်နေရသောကြောင့် အိမ်မှုကိစ္စများတွင် ပါဝင်ဆောင်ရွက် အားနည်းနေခြင်းဖြစ်သည်။

အချုပ်ဆိုရသော်တွေ့ရှိရသောရလာဒ်များအရ ပညာရေး၊ ဒိမ်မှုကိစ္စပါဝင်ဆောင်ရွက်မှုနှင့် ဘာသာရေးလုပ်ဆောင်မှုတို့တွင် အမျိုးသမီးများမှ ဦးဆောင်အားသာနေပြီး၊ အခြားသော ကဏ္ဍများတွင် အမျိုးသမီးများမှာ အမျိုးသားများထက်ပိုမို ထူးခြားပြီး ဦးဆောင်နိုင်မှု မတွေ့ရပါ။ ထို့ကြောင့် လွှမ်းမိုးမှုအပိုင်းတွင် အမျိုးသားများမှအားသာချက်ရှိနေပြီး ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောကိစ္စရပ်များအတွက် ကျား၊ မ အခန်းကဏ္ဍတန်းတူမှုရှိရန် လိုအပ်နေသည် ဟု သုံးသပ်ရပါသည်။

(၆-င) ရာသီခွင်ပြဇယား (Seasonal Calendar)




**ရာသီခွင်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာရာသီခွင်ပြဇယားအား သုံးသပ်ရာတွင် ဆယ့်နှစ်လရာသီအတွင်း ဖြစ်ပေါ်/တည်ရှိနေသော စိုက်ပျိုးရေး၊ ရာသီဥတု၊ ဝင်ငွေ/ထွက်ငွေ၊ ကျန်းမာရေး၊ ရာသီပွဲတော်၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိမှုနှင့် စိုက်ပျိုးရေရရှိမှု အခြေအနေများကို လေ့လာခဲ့ပါသည်။


သဲကောကြီးကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ မတ်ပဲ၊ နှမ်း၊ ပြောင်း၊ ပန်းမုံလာ၊ ဂေါ်ဖီ နှင့် ဘုရားပန်းတို့ စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်း၍ မတ်ပဲဆက်လက်စိုက်ပျိုးပြီး တပေါင်းလတွင် မတ်ပဲရိတ်သိမ်းကြပါသည်။ ရာသီအလိုက်ပွဲတော်များအနေဖြင့် တန်ခူးလတွင် နှစ်သစ်ကူးပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်တွင် မီးထွန်းပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တပို့တွဲလတွင် ထမနဲပွဲ၊ တပေါင်းလတွင် ရှင်ပြုပွဲများကျင်းပကြောင်း သိရှိရပါသည်။

မိုးများသည့်ရာသီများတွင် သွေးလွန်တုပ်ကွေးရောဂါများဖြစ်လေ့ရှိပြီး၊ တန်ခူးလတွင်ဝမ်းပျက်ရောဂါ၊ တပေါင်းလနှင့်ကဆုန်လများတွင် အပူရှပ်တတ်သည့် ရာသီအလိုက်ဖြစ်တတ်သည့် ရောဂါများကို တွေ့ရှိရပါသည်။ သာမန်ဖြစ်လေ့ဖြစ်ထရှိသည့် ကျန်းမာရေးကိစ္စများကို ကျေးရွာရှိကျန်းမာရေးဝန်ထမ်း ဆရာမကိုသာ ပြသလေ့ရှိပါသည်။ ကျန်းမာရေးအတွက် အရေးကြီးပြသရန်လိုအပ်ပါက လယ်ဝေးမြို့သို့ သွားရောက်ပြသသည်ကိုတွေ့ရှိရပါသည်။

မတ်ပဲနှုတ်၊ နှမ်းရိတ်၊ စပါးစတင်စိုက်ပျိုးသောရာသီနှင့် စပါးရိတ်သိမ်းသော ရာသီများတွင် ဝင်ငွေများကောင်းမွန်သည်ကိုတွေ့ရှိပြီး၊ ကျန်ရာသီများတွင် ဝင်ငွေရရှိမှုမှာ သာမန်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ရာသီအလိုက်ထွက်ငွေအနေဖြင့် သိသိသာသာထူးခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာအတွင်း သောက်သုံးရေရရှိမှုအနေဖြင့် အခက်အခဲမရှိသည်ကို တွေ့ရှိရပြီး၊ စိုက်ပျိုးရေအနေဖြင့် တန်ခူးလမှ နယုန်လအထိနှင့် တန်ဆောင်မုန်းလမှ တပေါင်းလအထိ ရေရရှိမှုခက်ခဲသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားထား စိုက်ပျိုးသည်ကို တွေ့ရှိရပါသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီကာလ၌ပင် ရွာတွင်းလမ်းအချို့၌ ဗွက်ထခြင်းများ ရှိပါသည်။

(၆-၈) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ် (Venn diagram)




**အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်အားသုံးသပ်ခြင်း**

သဲကောကြီးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုနှင့်ကျေးရွာအတွင်းအဖွဲ့အစည်းများ တည်ရှိနေမှုများကို လေ့လာကြည့်မည်ဆိုပါက ကျေးရွာ၏အများအကျိုးကို ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ရှိနေသည်ကိုတွေ့ရှိရပါသည်။ စီမံကိန်း(သို့)အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လာရောက်ဖွဲ့စည်းပေးထားသောအဖွဲ့အစည်းများမရှိသေးပါ။ ကျေးရွာပြင်ပရှိအဖွဲ့အစည်းများအနေဖြင့် ဘာသာရေးနှင့်သက်ဆိုင်သောအဖွဲ့များ၊ ပြင်ပလူမှုကူညီရေးအဖွဲ့များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်အဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့အစည်းများနှင့် ရံဖန်ရံခါဖြစ်စေ၊ လုပ်ငန်းချိန်တွင်ဖြစ်စေ ချိတ်ဆက်ဆောင်ရွက်မှုများရှိပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် အချင်းချင်းပြန်လည်ချိတ်ဆက် ဆောင်ရွက်မှုများရှိနေသည်ကို တွေ့ရှိရပါသည်။ အချုပ်ဆိုရသော် သဲကောကြီးကျေးရွာအနေဖြင့် အစိုးမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာကူညီထောက်ပံ့ပေးနေသော အဖွဲ့အစည်းများနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ဖူးသော အလေ့အထများ၊ အတွေ့အကြုံများ မရှိသည်ကို တွေ့ရှိရပါသည်။

(၆-ဆ) အခက်အခဲများ (Obstacles)

| အမျိုးသားအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | | အမျိုးသမီးအဖွဲ့မှတင်ပြသောအခက်အခဲ အတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီတွင် မိုးသန်းထန်စွာရွာသွန်းမှုကြောင့် ရွာတွင်းလမ်းများ မကောင်းခြင်း | ၁ | မိုးရာသီတွင် မိုးသန်းထန်စွာရွာသွန်းမှု ကြောင့်ရွာတွင်းလမ်းများ မကောင်းခြင်း |
| ၂ | ကျေးရွာအတွင်း ရေမြောင်းများ သေးနေခြင်း၊ ကျဉ်းနေခြင်းကြောင့်ရေစီးရေကာမကောင်းခြင်း | ၂ | ကျေးရွာအတွင်း ဆင်းရဲသောမိသားစု အရေအတွက် များသောကြောင့် ရွာလုံးကျွတ် လျှပ်စစ်မီးမလင်းနိုင်ခြင်း |
| ၃ | ကျေးရွာအတွင်း ဆင်းရဲသောမိသားစု အရေအတွက်များသောကြောင့် ရွာလုံးကျွတ် လျှပ်စစ်မီးမလင်းနိုင်ခြင်း | ၃ | ပူးပြင်းသော နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်နေရခြင်း |
| ၄ | ပူးပြင်းသော နွေရာသီတွင် မီးဘေးအန္တရာယ် စိုးရိမ်နေရခြင်း | ၄ | ကျောင်းသူ/သားများ စာသင်ခုံလုံလောက်မှု မရှိဘဲ စာသင်နေရခြင်း |
| ၅ | ကျေးရွာအတွင်း လူနေအိမ်များ လွန်စွာနီးကပ်နေခြင်းကြောင့် ပြွတ်သိပ်စွာ နေနေရခြင်း၊ ရွာတွင်းလမ်းများ ကျဉ်းမြောင်း နေခြင်း | ၅ | လက်ရှိကျေးရွာစာကြည့်တိုက်မှာ လွန်စွာယိုးယွင်း ပျက်စီးနေခြင်း |
| ၆ | လက်ရှိကျေးရွာဈေးမှာ ရွာသူ/သားအတွက် ရောင်းဝယ်လုပ်ကိုင် ဈေးနေရာကျဉ်းနေခြင်း | ၆ | ဆင်းရဲသောအိမ်ထောင်စုများတွင် ကျန်းမာရေး ပြသရန်အတွက် ကျန်းမာရေးစရိတ် မတတ်နိုင်ခြင်း |
| ၇ | ဆင်းရဲသောအိမ်ထောင်စုများတွင် ကျန်းမာရေး ပြသရန်အတွက် ကျန်းမာရေးစရိတ် မတတ်နိုင်ခြင်း | ၇ | ကျေးရွာအတွင်း ရေမြောင်းများ သေးနေခြင်း၊ ကျဉ်းနေခြင်းကြောင့်ရေစီးရေကာမကောင်းခြင်း |
| ၈ | ကျောင်းသူ/သားများ စာသင်ခုံလုံလောက်မှု မရှိဘဲ စာသင်နေရခြင်း | ၈ | ကျောင်းသူ/သားများအတွက် အိမ်သာ ကောင်းကောင်းမွန်မွန် မရှိခြင်း |
| ၉ | | ၉ | ကျောင်းဆရာ/ဆရာမများအတွက် ဝန်ထမ်း အိမ်ရာ မရှိခြင်း |
| ၁၀ | | ၁၀ | ဆင်းရဲသော အိမ်ထောင်စုများတွင် ကလေးသူငယ်များ ကျောင်းထားရန်အတွက် ပညာသင်ကြားရန် စရိတ်မတတ်နိုင်ခြင်း |
| ၁၁ | | ၁၁ | လယ်သမားအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရင်းနှီးငွေ မတတ်နိုင်ခြင်း |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

(၆-ဓ) ပြဿနာသစ်ပင် (Problem Tree)



**ပြဿနာသစ်ပင်သုံးသပ်ခြင်း**

ကျေးရွာ၏ အခက်အခဲများနှင့်ပြဿနာများဆွေးနွေးဖော်ထုတ်ရာတွင် ကျားနှင့်မဖော်ထုတ်လာသောအခက်အခဲများမှာ တူညီနေပါသည်။ ကျေးရွာတွင်းလမ်းမကောင်းသည့် ပြဿနာအားဖော်ထုတ်ရာတွင် မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့်လမ်းမကောင်းခြင်း၊ လမ်းပြုပြင်ရန်အတွက်ရံပုံငွေမရှိခြင်း၊ ကျေးရွာအတွင်းကူညီထောက်ပံ့ပေးမည့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမရှိခြင်း၊ လယ်ဘေးဝဲယာတွင် ရေစီးရေလာကောင်းရန်အတွက် ရေမြောင်းကောင်းကောင်းမရှိခြင်း၊ ရွာတွင်းရှိပြီးဖြစ်သော လမ်းဘေးဝဲယာရေမြောင်းများသည် လွန်စွာမြောင်းသေးနေခြင်း၊ တချို့မှာရေမြောင်းပိတ်နေခြင်းစသည့် အကြောင်းရင်းများကြောင့် ရွာတွင်းလမ်းမကောင်းသည့်ပြဿနာကိုတွေ့ရှိရပါသည်။

အကျိုးရလဒ်အနေဖြင့် ရွာတွင်းလမ်းမကောင်းသည့်အတွက် ကျောင်းသားကျောင်းသူများကျောင်းသွား/ပြန် သွားလာရေးခက်ခဲခြင်း၊ သက်ကြီးရွယ်အိုများအတွက် သွားလာရန်ခက်ခဲခြင်း၊ လူမှုရေးကိစ္စများ/ကျန်းမာရေးကိစ္စများတွင် အချိန်မီသွားလာရန်ခက်ခဲခြင်း၊ စသည့်အခက်အခဲများရင်ဆိုင်နေရပါသည်။

သို့ဖြစ်၍ ကျေးရွာတွင်းလမ်းများပြုပြင်ပေးပါက ကျေးရွာတွင်ဖော်ပြခဲ့ပြီးသော ပြဿနာများနှင့် အကျိုးဆက်များမဖြစ်ပေါ်အောင်တားဆီးနိုင်မည့်အပြင်၊ နောင်လာမည့်အနာဂတ် ကာလများတွင် ကျေးရွာအတွင်း ကျောင်းသူ/သားများ သွားလာရေးလွယ်ကူခြင်း၊ သက်ကြီးရွယ်အိုများနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကျန်းမာရေးပြသရန် သွားလာရန်လွယ်ကူခြင်းစသည့် အကျိုးကျေးဇူးရရှိသွားမည်ဖြစ်သည်။ အချုပ်ဆိုရသော် သဲကောကြီးကျေးရွာသူ/သားများ အားလုံးအတွက် သွားလာရေးလွယ်ကူသွားမည်ဖြစ်သည်။

(၆-၈၂) နောင်(၅)နှစ်တာ မျှော်မှန်းချက်

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများရီစာခင်းရန် | ၁ | ကျေးရွာတွင်းလမ်းများရီစာခင်းရန် |
| ၂ | ရေနုတ်မြောင်းတူးဖော်ရန် | ၂ | တစ်ရွာလုံးကျွတ် လျှပ်စစ်မီးလင်းရန် |
| ၃ | တစ်ရွာလုံးကျွတ် လျှပ်စစ်မီးလင်းရန် | ၃ | မီးသတ်ကားပေးရန် |
| ၄ | မီးသတ်ရေကန် တည်ဆောက်ရန် | ၄ | ကျောင်းသူ/သားများ စာသင်ကြားရတွင် စာသင်ခုံလုံလောက်စွာ ရရှိရန် |
| ၅ | ကျေးရွာလမ်းများတိုးချဲ့ရန်၊ ကျေးရွာမြေနေရာတိုးချဲ့ရန် | ၅ | ကျေးရွာပိုင် စာကြည့်တိုက် ပြုပြင်တည်ဆောက်ရန် |
| ၆ | ကျေးရွာပိုင်ဈေးတိုးချဲ့ရန် | ၆ | ဆင်းရဲသော အိမ်ထောင်စုများအတွက် ကျန်းမာရေးထောက်ပံ့စရိတ်ပေးရန် |
| ၇ | ဆင်းရဲသော အိမ်ထောင်စုများအတွက် ကျန်းမာရေးထောက်ပံ့စရိတ်ပေးရန် | ၇ | ရေနုတ်မြောင်းတူးဖော်ရန် |
| ၈ | ကျောင်းသူ/သားများ စာသင်ကြားရတွင် စာသင်ခုံလုံလောက်စွာ ရရှိရန် | ၈ | ကျောင်းသူ/သားများအတွက် အိမ်သာတည်ဆောက်ပေးရန် |
| ၉ | | ၉ | ကျောင်းဆရာ/မ များအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးရန် |
| ၁၀ | | ၁၀ | ဆင်းရဲသော ကျောင်းသား/သူများအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးရန် |
| ၁၁ | | ၁၁ | တောင်သူလယ်သမားအတွက် စိုက်ပျိုးရေး ထောက်ပံ့စရိတ်ပေးရန် |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

(၆-ည) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း

| စဉ် | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသား/အမျိုးသမီး) (အမျိုးသား+အမျိုးသမီး) | လူထုဗဟိုပြုစီမံကိန်းအတွက် အဆိုပြုသည့်ဦးစားပေးအဆင့်လိုက်လုပ်ငန်းများ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ရီစာခင်းရန် | အမျိုးသား+အမျိုးသမီး | ရွာတွင်းလမ်းများ ရီစာခင်းရန် |
| ၂ | ကျေးရွာဈေး ပြုပြင်တိုးချဲ့ရန် | ။ | မီးသတ်ရေကန် အသစ်တည်ဆောက်ရန် |
| ၃ | ကျေးရွာစာသင်ကျောင်း ပြုပြင်ခြင်းနှင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရန် | ။ | ကျေးရွာစာသင်ကျောင်း ပြုပြင်ခြင်းနှင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရန် |
| ၄ | မီးသတ်ရေကန် အသစ်တည်ဆောက်ရန် | ။ | ကျေးရွာဈေး ပြုပြင်တိုးချဲ့ရန် |
| ၅ | | ။ | |
| ၆ | | ။ | |

**ဦးစားပေးအစီအစဉ်ပြဇယားအားသုံးသပ်ခြင်း**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အမျိုးသားများနှင့်အမျိုးသမီးများမှ ကျေးရွာအခက်အခဲများကို တူညီစွာတင်ပြလာရာ တင်ပြလာသည့်လုပ်ငန်းများအား အစည်းအဝေးတက်ရောက်လာသော ကျေးရွာလူထု၏ သဘောထားဖြင့် မဲပေးရွေးချယ်ပြီး အကဲဖြတ်ခဲ့ပါသည်။ စုစုပေါင်းတင်ပြလာသော ကျေးရွာအခက်အခဲ(၄)မျိုးရှိပြီး ၎င်းတို့မှာ (၁) ရွာတွင်းလမ်းများရီစာခင်းရန်၊ (၂) ကျေးရွာဈေးပြုပြင်တိုးချဲ့ရန် (၃) ကျေးရွာစာသင်ကျောင်းပြုပြင်ခြင်းနှင့် စာသင်ကျောင်းဆောင်အသစ်တည်ဆောက်ရန် (၄) မီးသတ်ရေကန်အသစ်တည်ဆောက်ရန် စသည့်လုပ်ငန်းများဖြစ်ပါသည်။ မဲပေးရာတွင် အစည်းအဝေးတက်ရောက်လာသူအားလုံးပါဝင်လာနိုင်သည့် နည်းလမ်းကို အသုံးပြုခဲ့ပါသည်။

မဲပေးရွေးချယ်ရာတွင် ကျေးရွာအတွက် အမှန်တကယ်အလိုအပ်ဆုံးကို စဉ်းစားရွေးချယ်စေခဲ့ပါသည်။ ပါဝင်မဲပေးသူများမှလည်း သေချာစွာရွေးချယ်ပြီး လုပ်ငန်းများကိုနှိုင်းယှဉ် ရွေးချယ်မဲပေးခဲ့ရာတွင် ဦးစားပေး အဆင့်အလိုက် (၁) ရွာတွင်းလမ်းများ ရီစာခင်းရန် (၂) မီးသတ်ရေကန်အသစ်တည်ဆောက်ရန် (၃) ကျေးရွာစာသင်ကျောင်းပြုပြင်ခြင်းနှင့် စာသင်ကျောင်းဆောင်သစ် တည်ဆောက်ရန် (၄) ကျေးရွာဈေး ပြုပြင်တိုးချဲ့ရန်စသည့် လုပ်ငန်းများသည် ကျေးရွာ၏လိုအပ်ချက် အရှိဆုံးလုပ်ငန်းများဖြစ်ပါသည်။





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာသပိရွာသို့ ပထမဆုံးပိတ်ဆက်ခန်း သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရမည်။ ဤအချက်အလက်များကို စီမံကိန်း ပိတ်ဆက်အစည်းအဝေးမတိုင်မီ ကောင်းစွာ ရေးရမည်။ စီမံကိန်းပိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်အသိ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးစိုးတင် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် ၀၉-43044336 | လူထုစည်းရုံးရေးမှူး၏ အမည် ဦးအောင်ညွန့် | |
| ပြည်နယ်/တိုင်းဒေသကြီး နေပြည်တော် | မြို့နယ် လယ်ဝေး | ကျေးရွာအုပ်စု သဲကောကြီး | ကျေးရွာ သဲကောကြီး |

### က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၉၈၈ | ဘာသာ (၁) ဗုဒ္ဓ | ၉၈၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၀ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၇၉ | | |
| စစ်ဘေးရှောင် | ၀ | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- | ၁၇၅၂ | ၂၁၀၄ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၉၃၇ | ၅၁ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |
| | | | | | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း (ကွန်ကရစ်လမ်း) မော်တော်ဆိုင်ကယ်လမ်း
ကျောက်စင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-၂၀၀၄-/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-၀-------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/မြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/မြေလျှင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုစပ်ဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]
(၂) [illegible]

(၉) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်ပုံတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် လက်မှတ် [signature]
အမည် ဦးစိုးတင့်
နေ့စွဲ 17.12.2016

လူထုစည်းရုံးရေးမှူး လက်မှတ် [signature]
အမည် [illegible]
နေ့စွဲ 17.12.2016

ပုထုဇဉ်ပြည့်ဝသော ပြည်ထောင်စု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးပိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအောင်ဘ | | | |
| နေ့စွဲ 16-12-16 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှမ်း(တောင်) | မြို့နယ် ရွာငံ | ကျေးရွာအုပ်စု သဲတောကြီး | ကျေးရွာ ~~[illegible]~~ သဲတောကြီး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 17-12-16 | 17-12-16 | ၂၃၀ | ၂၀၂ | ၄၃၂ | ၄၃၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံခန့်ခွဲရေးကော်မတီရွေးချယ်ခြင်း အစည်းအဝေး | 18-12-16 | 18-12-16 | ၂၃၀ | ၂၉၂ | ၄၃၂ | ၄၃၂ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 5-1-17 | 5-1-17 | ၁၂ | ၁၀ | ၂၂ | ၂၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 1-2-17 | 1-2-17 | ၁၆ | ၁၅ | ၃၀ | ၃၀ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံခန့်ခွဲရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းစွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းစွဲ အကျိုးသက်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လုထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

# ကျေးရွာ ဖွံ့ဖြိုးရေး ဦးစားပေး အစီအစဉ်

လမ်းညွှန် ခုက်/အဆင့်(၃)ကျေးရွာမြေပုံမှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသောအခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များ၊လူထုဖဟိုပြုစီမံကိန်း၏ ရန်ပုံငွေအရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများအားလုံးကိုဖော်ပြရမည်။

ပြည်နယ်/ တိုင်းဒေသကြီး

နေပြည်တော်

မြို့နယ်

လယ်ဝေး

ကျေးရွာအုပ်စု

သဲကောကြီး ▾

ကျေးရွာ

သဲကောကြီး ▾

ရက်စွဲ

01/16/2017

စီမံကိန်း နှစ်

Cycle 2 ▾

စည်းရုံးရေးမှူးအမည်

U Aung Thu

က အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း (Include results from mens and womens separate meetings)

English^Myanmar | Mal ▾ | Add

| No. | Obsticals (English^Myanmar) | M/F/Both | Action |
|---|---|---|---|
| 1 | Narrow road in the village^ကျေးရွာအတွင်းလမ်းများကျဉ်းမြောင်းနေခြင်း | Bot ▾ | |
| 2 | Narrow the village market premises^ကျေးရွာဈေးနေရာကျဉ်းခြင်း | Bot ▾ | |
| 3 | Dread the fire disaster due to lack of fire engine^မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း | Bot ▾ | |
| 4 | Limited knowledge due to lack of library^စာကြည့်တိုက်မရှိသောကြောင့်ကျေးရွ | Bot ▾ | |

| 5 | Low income due to lack of agricultural supply^စိုက်ပျိုးရေးစရိတ်မရှိသောကြော | Bot | |
|---|---|---|---|

၈ မျှော်မှန်းခြင်း - ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်နောင်လာမည့် (၅) နှစ်အားရည်ရွယ်ရန်အတွက် မည်သည်များသည် အဓိကမျှော်မှန်းချက်ဖြစ်သနည်း။

English^Myanmar | Mal | Add

| No. | Development Vision (English^Myanmar) | M/F/Both | Action |
|---|---|---|---|
| 1 | စိုက်ပျိုးစရိတ်များထောက်ပံ့ပေးပါကကျေးရွာသားများ စိုက်ပျိုးရေးကိုအောင်မြင်စွာစိုက်ပျိုး( | B( | |
| 2 | ကျေးရွာစာကြည့်တိုက်ဆောက်ပေးပြီးပါကကျေးရွာလူထုဗဟုသုတများရရှိလာပါမည် | B( | |
| 3 | ကျေးရွာမီးသတ်ရေကန်ဆောက်ပြီးပါကကျေးလူထုမီးဘေးအန္တရာယ်အတွက်စိတ်အေးရပါ | B( | |
| 4 | ကျေးရွာဈေးနေရာနှင့်ဈေးအဆင့်မြှင့်တင်ပြီးပါကကျေးရွာလူထုဈေးဝယ်ရာတွင်အဆင်ပြေ၊ | B( | |
| 5 | To upgrade the road (gravel)in village.^ရွာတွင်းလမ်းပြုပြင်ပေးပါကသွားလာရေး | B( | |

၉ လူထုဗဟိုပြု စီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| ကျေးရွာ ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများ | ကျား/ မ/ ကျား+မ တင်ပြချက် | လူထုဗဟိုပြု စီမံကိန်းမှ ဆောင်ရွက်ရန် အမှန်ခြစ်ပါ | ခန့်မှန်း ကုန်ကျငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်း ဦးရေ | |
|---|---|---|---|---|---|
| | | | | | Add |

| Code | Subproject Name | Proposed By | Ranking for NCDDP | Cost Estimate | Estimate of Beneficiaries field | |
|---|---|---|---|---|---|---|
| 001 | Gravelly road + Box culvert ^ ရိုစာလမ်း | ကျား | 1 | 2955 | 4000 | |
| 003 | ကျေးရွာဈေးအဆင့်မြှင့်တင်ခြင်း | ကျား | 2 | 5000 | 6500 | |
| 004 | ကျေးရွာမီးသတ်ကန်တည်ဆောက်ခြင်း | ကျား | 3 | 6000 | 6500 | |
| 005 | ကျေးရွာစာကြည့်တိုက် | ကျား | 4 | 8000 | 5250 | |

ဃ လူထုဗဟိုပြု စီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များ အား ဖော်ပြပါ။

ကျေးရွာ ဦးစားပေး ဖွံ့ဖြိုးရေး လုပ်ငန်းများ | ကျား/ မ/ ကျား+မ တင်ပြချက် | Sector

▼ sector ▼ Add

| Code | Subproject Name | Proposed By | Sector |
|---|---|---|---|
| 002 | စိုက်ပျိုးစရိတ်မလုံလောက်၍တောင်သူများကောင်းစွာသီးနှံ | ကျား ▼ | Agriculture ▼ |

Save | Cancel

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်၊အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်၊MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းလမ်းခင်း ခြင်း | ☐ မ ☐ ကျား | | |
| | ၂ | ကျေးရွာချောင်းဘောင် မြှင့်တင်ခြင်း | ☐ မ ☐ ကျား | | |
| | ၃ | မိုးသောက်ကန် တည်ဆောက်ခြင်း | ☐ မ ☐ ကျား | | |
| | ၄ | ကျေးရွာစာကြည့် တိုက် | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးကိရိယာအပ် ဆောင်ခြင်း | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |